May King

# မုန်တိုင်းများ၏ အရှင်သခင်

Season - 1



# မုန်တိုင်းများ၏အရှင်သခင်

## Season (1)

## May King

## ချစ်ခြင်းတို့ စတင်ရာ

မွန်ဂိုပြည်၏ မဟာစစ်သူကြီးတင်တက်ရင်သည် မင်းကြီးတေးဟာခန် အမိန့်ဖြင့် တာတာတို့ ကျူးကျော်ဝင်ရောက်လာသော မွန်ဂိုအင်ပါယာ၏ အနောက်တောင်ဒေသကို စစ်ချီကာ ကျူးကျော်သူများကို တိုက်ထုတ်နေသည်။ စစ်ဦးဘီလူးဆိုသလို တွေ့သမျှ တာတာများကို အမြစ်ဖြုတ်သုတ်သင်ကာ လာခဲ့ရာ မွန်ဂိုအင်ပါယာ၏ အနောက်တောင် ဒေသသို့တိုင်ရောက်ရှိလာခဲ့သည်။ အနောက်ဘက်တစ်ခွင်တွင် စစ်သူကြီး၏ အမည်ကို ရက်စက်လှပါသည်ဆိုသည့် တာတာစစ်သားများ ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့ကြသည်။ တာတာများနှင့် အဆက်အသွယ်ရှိသည့် ရွာများကို တစ်ရွာလုံး မီးရှို့ဖျက်ဆီးပစ်လိုက်သည်။ ၆ လတာ နယ်စပ်တွင် တပ်စွဲကာ တာတာများကို ရှင်းလာစဉ် နှင်းများဖြင့်ဖုံးနေသော အနောက်တောင်ဒေသမှ နှင်းမြို့တော်ကို တာတာများ ဖျက်ဆီးလုယက်လာသည်ဆိုသည့် သတင်းရသည်နှင့် တာတာတပ်ကြီးကို သုတ်သင်ရန် အပြင်းချီလာပြီး သေမင်းတောင်ကြားတွင် စောင့်ဆိုင်းနေသည်။

တာတာတပ်မကြီးသည် ချမ်းသာကြွယ်ဝသည့် နှင်းမြို့တော်ကို လုယက်ဖျက်ဆီးပြီး ရတနာများအပြင် ငယ်ရွယ်နုပျိုသည့် မိန်းကလေး၊ ယောကျ်ားလေးများစွာကို ပါရှားပြည်တွင် ကျွန်အဖြစ်ရောင်းချရန် သံကြိုးခတ်ကာ

ခေါ်ဆောင်လာကြသည်။ လမ်းတလျှောက် ရက်ရက်စက်စက် နှိပ်စက်လာသည့် ဒဏ်ကြောင့် လူငယ်တစ်ဝက်လောက် သေကြေခဲ့ကြသည်။

မွန်ဂိုတပ်များ စောင့်ဆိုင်းနေသည့် တောင်ကြားဒေသကို အေးအေးဆေးဆေး အပူအပင်မရှိ ဖြတ်သန်းမိချိန်တွင် အပေါ်စီးမှ နှစ်ဖက်ပိတ်ညှပ်ကာ မြားမိုးရွာသည့် ဒဏ်ကြောင့် တာတာစစ်တပ် ကစင့်ကလျားဖြစ်ကာ နှစ်ပိုင်းကွဲသွားသည်။ ကြိုတင်စီစဉ်သည့်အတိုင်း နှစ်ဖွဲ့လုံးကို မွန်ဂိုလက်မရွံ့တပ်ဖွဲ့က ရက်ရက်စက်စက် အမြစ်ပြုတ် အသေသတ်တော့သည်။ လက်နက်ချသည့် တာတာများကိုလည်း အရှင်မထားပေ။ စစ်သေနာပတိ၏အမိန့်ဖြင့် ထိုနေရာတွင် တာတာများ၏ အသေကောင်များဖြင့် မည်းသွားသည်။ သွေးညှီနံ့တို့ ဖုံးလွှမ်းနေသည့် စစ်မြေပြင်သည် ညနေစောင်းသည်နှင့် ပြန်လည်တိတ်ဆိတ် သွားသည်။

"အရှင်... တာတာတို့ ခေါ်ဆောင်လာတဲ့ သုံ့ပန်းတွေကို ဘယ်လိုလုပ်ရမလဲ"

"နှင်းမြို့တော်သားလေးတွေ မဟုတ်လား။ ပြန်လွှတ်လိုက်ကွာ။ သူတို့တိုင်းပြည်ကို ပြန်ပါစေ။ သူတို့ကို ငါတို့ခေါ်သွားရင်လည်း လမ်းခရီးကအရှည်ကြီး ကျန်သေးတယ်။ သူတို့တိုင်းပြည်ကို ပြန်ပါစေ။ တာတာတွေ လုလာတဲ့ ရတနာတွေသာ အားလုံးသိမ်းခဲ့လိုက်"

လက်ထောက်က အရိုအသေပေးကာ ပြန်ထွက်သွားသည်။ နှင်းမြို့တော်သား အားလုံး မွန်ဂိုစစ်သူကြီးကို အရိုအသေပေးကာ မိမိတို့တိုင်းပြည်ရှိရာသို့ ပြန်လှည့်သွား ကြသည်။ နှင်းကဲ့သို့ ဖြူဆွတ်သော အသားအရေကိုပိုင်ဆိုင်ထားပြီး ထူးထူးခြားခြား ချောမွေ့လှပသော လူငယ်လေးများကိုတင်တကာ်ရင် ပြန်လွှတ်လိုက်သည်ကို စစ်သည်တော်တချို့ နှမြောတမ်းတစွာ ကြည့်နေကြသည်။ သူတို့ကို လိုချင်သော်လည်း စစ်သူကြီး ပြန်လွှတ်

လိုက်သည်ကို စာဒက မတက်ရဲကြပေ။ မွန်ဂိုတပ်ကြီးသည် မိမိတို့စစ်တပ် အခြေချသည့်နေရာသို့ ထွက်ခွာခဲ့ကြသည်။ စစ်စခန်းသို့ရောက်မှ တာတာ တို့၏ တိုက်ရာပါပစ္စည်းများကို သေချာ စစ်ဆေးကြည့်သောအခါမှ တာတာ စစ်သူကြီး၏ လှည်းထဲမှ ရတနာများကြားတွင် ကြိုးတုပ်ကာ ပါးစပ်ကို အဝတ် စည်းထားပြီး သတိလစ်နေသော မိန်းကလေးတစ်ဦးကို တွေ့လိုက် သဖြင့် အံ့အားသင့် သွားကြသည်။

တင်တက်ရင်သည် ရတနာများကို အမျိုးအစားခွဲကာ စာရင်းမှတ်သည့် နေရာတွင် ကြည့်နေစဉ် သမားတော်ရောက်လာပြီး သတင်းပို့သည်။

"ကောင်လေးပါ အရှင်"

"ဘာ... မဖြစ်နိုင်တာ၊ မိန်းကလေး အဝတ် ဝတ်ထားတယ်မဟုတ်လား"

"ကျွန်တော်မျိုး စမ်းကြည့်ပြီးပါပြီ။ ယောကျ်ားလေးပါ အရှင်။ အခု ကောင် လေး သတိရနေပါပြီ"

တင်တက်ရင် ခေါင်းညိတ်ကာ သမားတော်ဖြင့် မိမိတဲနန်းသို့ ပြန်လာခဲ့ သည်။ လက်ထောက်သမားတော်လေးများက တင်တက်ရင်ကို တွေ့သော် အားလုံး ကြမ်းပြင်ပေါ်ဒူးတုပ်ကာ အရိုအသေပေးကြသည်။ ယောကျ်ား လေးအဝတ် လဲထားသော ကောင်လေးကလည်း သူတို့လုပ်သလို ဒူးတုပ် အရိုအသေပေးသောအခါ အားနည်းနေသဖြင့် လဲကျသွားသည်။ တင်တက် ရင်က ကောင်လေးကို ပွေ့ချီကာ သေချာကြည့်လိုက်သည်။

အသက် တစ်ဆယ့်ငါးနှစ်ခန့်သာ ရှိသေးသည့် ကောင်လေးသည် အခုလို ဝတ်ထားသည့်တိုင် မိန်းကလေး တစ်ဦးထက်ပင် ချောမွေ့လှပလွန်းသည်။ မျက်တောင် ရှည်ရှည် ကော့ကော့များက နှင်းလိုဖြူစင်လွန်းလှသည့် အသားအရေဖြင့် ပနံရလွန်းလှ သည်။ သေးသွယ်ပျော့ပျောင်းသူလေးက ဘယ်လိုကြည့်ကြည့် တင်တက်ရင် မျက်လုံးထဲတွင် မိန်းကလေးလိုပဲ မြင်

နေသည်။

"သူက တကယ် ယောကျ်ားလေးမှ ဟုတ်ရဲ့လား၊ မိန်းကလေးတွေထက်ကို လှလွန်းအားကြီးတယ်"

"သူက နှင်းမြို့တော်က မင်းမျိုးမင်းနွယ်ထဲကပါတဲ့ အရှင်။ သူတို့မိသားစု အားလုံးကို တာတာတွေက သတ်ဖြတ်ပြီး မီးရှို့သတ်လိုက်ကြတယ်။ သူ့ကို တောင် တာတာစစ်သေနာပတိချုပ်က မျက်စိကျလို့ ခေါ်ဆောင်လာတာလို့ ပြောပါတယ်။ ကျန်တဲ့ နှင်းမြို့တော်သားတွေလည်း ကျွန်အဖြစ် ဖမ်းခေါ် လာတယ်လို့ပြောပါတယ်"

"နေပါဦး ဟိုတာတာကောင်က သူ့ကို ဘာလို့ သီးသန့် ချုပ်နှောင်ထား တာလဲ။ သူ ပါလာတာသိရင် ပြန်လွှတ်လိုက်ပါတယ်"

"တာတာကောင်က ညပိုင်း သူ့ကို ဖျော်ဖြေဖို့ ခေါ်ထားတာလို့ပြောပါ တယ်။ သူ့ကိုယ်မှာလည်း ဒဏ်ရာတွေ အများကြီးမို့ ကျွန်တော်တို့ ဆေးကု ထားပေးပါတယ် အရှင်"

တင်တက်ရင် မျက်ခုံးပင့်သွားသည်။ မိမိတို့မွန်ဂိုများတွင်တော့ ယောကျ်ား ချင်း ပျော်ပါးတာ မရှိသလောက်ရှားသည်။ တင်တက်ရင်သည် နှင်းမြို့တော် စကားတတ်သည့် လက်ထောက် သမားတော်မှ တဆင့် သူ့လူများကို ပြန် လွှတ်ပေးကြောင်း၊ သူ့ဒဏ်ရာ သက်သာသည်နှင့် နှင်းမြို့တော်သို့ ပြန် လွှတ်ပေးမည်ဖြစ်ကြောင်း ပြောခိုင်းလိုက်သည်။ ကောင်လေးက တင်တက် ရင်ကို အရိုအသေပေးရင်း မျက်ရည်ကျသည်။ မျက်ရည်များပေလူးနေသည့် မျက်ဝန်းများက လှလွန်းသဖြင့် တင်တက်ရင်ပင် ရင်သတ်ရှုမောဖြစ်သွား သည်။ တာတာကောင် စိတ်မထိန်းနိုင်တာ မလွန်ဘူးဟု တွေးလိုက်မိသည်။ ကောင်လေးက နတ်သားလေးလို ချောမွေ့လွန်းလှသည်။

"သူ့နာမည်ကို မေးလိုက်စမ်း"

"ကမာအာဇမာန် ပါ အရှင်.."

"ကမာအာဇမာန်... ကမာ.. မင်း ဘာမှမပူနဲ့။ မင်းဒဏ်ရာပျောက်သွားရင် မင်းပြည်ကို ပြန်လွှတ်ပေးမယ်"

တင်တက်ရင်ပြောလိုက်ပြီး သမားတော်ကို ဆေးကုပေးရန် ညွှန်ကြားလိုက်သည်။

"သူ့ကို သီးသန့်တဲနဲ့ ထားလိုက်ပါ။ သူပျောက်တာနဲ့ ပြန်ပို့ပေးလိုက်မယ်"

သမားတော်ကြီးက နေရာစီစဉ်ပြီး ကမာ့ကို တွဲခေါ်သွားကြသည်။ သို့သော် ညရောက်သော် ပြဿနာပေါ်တော့သည်။ ကမာ၏တဲထဲသို့ ရဲမက်(၂)ဦးဝင်လာပြီး မတရားကျင့်ရန် ကြံသဖြင့် ကမာက ငြင်းဆန် ရုန်းကန်ရင်း ကင်းလှည့်ရဲမက်များက သိသွားပြီး တင်တက်ရင်ရှေ့သို့ ရောက်လာခဲ့သည်။ ကမာ၏မျက်နှာတွင် အရိုက်ခံထားရသဖြင့် နီရဲနေသည်။ အဝတ်များက စုတ်ပြဲလို့နေသည်။ ကြောက်လွန်းလို့ ကမာ တဆတ်ဆတ်တုန်နေသည်။ ရဲမက်နှစ်ဦးက အရက်မူးပြေကာ ကြမ်းပေါ်တွင် ပြားပြားဝပ်နေသည်။

"ဘာဖြစ်တာလဲ..."

"ဒီနှစ်ကောင်က သုံ့ပန်းကောင်လေးကို မတရားကျင့်ဖို့ကြံတုန်း မိလို့ပါ အရှင်"

တင်တက်ရင် ကျားဟိန်းသလို အော်လိုက်ပြီး ခက်ထန်စွာပြောလိုက်သည်။

"ငါ့မျက်နှာကို မော့ကြည့်စမ်း။ ငါ့လက်ရွေးစင် စစ်တပ်ကကောင်က တဏှာရူးတယ်ဆိုတာ ငါ မြင်ဖူးချင်လို့"

"ခွင့်လွှတ်ပါ အရှင်... ခွင့်လွှတ်ပါ။ ကျွန်တော်တို့ မိန်းမနဲ့မတွေ့တာ ကြာ

သွားလို့ပါ။ ပြီးတော့ သူ့ကို မိန်းကလေး အောက်မေ့လို့ပါ"

"ရင်သားမပါတာ သိတာတောင် မိန်းမအောက်မေ့တဲ့ကောင်တွေ။ ခေါ်သွားပြီး တစ်ခါတည်း ခေါင်းဖြတ်လိုက်တော့။ ပြီးတော့ မင်းတို့က ငါ့မျက်စိရှေ့မှာတောင် ဒီလို လုပ်ဝံ့တာ၊ ငါ့ကွယ်ရာမှာဆိုရင် အဆတစ်ရာ ပိုဆိုးလိမ့်မယ်"

ရဲမက် ၂ ဦးက တောင်းပန်လို့မရသည့်အဆုံး ဓါးထုတ်ကာ တင်တက်ရင်ကို ခုတ်ရန်ကြိုးစားစဉ် တင်တက်ရင်၏ မြန်ဆန်သောဓါးချက်ကြောင့် ထိုရဲမက် ၂ ဦး ခေါင်းတခြားကိုယ်တခြား ဖြစ်သွားသည်။

"ဒီ ၂ ကောင်ရဲ့ တပ်စုမှူးကို သွားခေါ်ပြီး ချုပ်ထား။ ငါ့ကို လုပ်ကြံဝံ့တဲ့အကောင်တွေက ဘယ်သူ့ညွှနကြားခံဆိုတာ မနက်ကျရင် ပေါ်အောင်ဖော်စမ်း။ သွား။ အသေကောင်တွေ ရှင်းသွား။ ငါ့တပ်ထဲက သစ္စာဖောက် ဘယ်နှစ်ကောင်ရှိတယ်ဆိုတာ မနက်ကျရင် အားလုံးရှင်းမယ်"

လက်ထောက်စစ်သူကြီးများက ညချင်းတွင်း အလုပ်များသွားတော့သည်။ တင်တက်ရင်သည် မိမိဝတ်ရုံကြီးကို ချွတ်ကာ ကမာ၏ကိုယ်ကို ခြုံပေးကာ ပြောလိုက်သည်။

"မင်း ကျုပ်ရဲ့တဲမှာ အိပ်မှဖြစ်တော့မယ်။ စိတ်ချ။ ကျုပ် မင်းကို လက်ဖျားနဲ့တောင် မထိဘူး။ စိတ်ချလက်ချ အိပ်ပါ"

ကမာ ကြောက်လန့်တကြား သူ့ကို မော့ကြည့်လိုက်စဉ် တင်တက်ရင် တည်ကြည်စွာ ပြောကာ ကမာ့ကို ကလေးပမာပွေ့ချီကာ မိမိခုတင်ပေါ် တင်ပေးလိုက် သည်။

"အိပ်ပျော်အောင် အိပ်လိုက်။ ကျုပ် ဒီည အလုပ်များနေမှာ။ တဲကို ပြန်လာမှာ မဟုတ်ဘူး။ လိုတာရှိရင် အပေါက်ဝက ရဲမက်ကိုပြောလိုက်"

ကမာ ဘာမှပြန်မပြောနိုင်ခင် မွန်ဂိုစစ်သူကြီးက တဲနန်းထဲမှ ထွက်သွားတော့သည်။ ကမာသည် ခုတင်ပေါ်က စောင်အောက်တွင် တိတ်တိတ်လေးခိုးကာ ငိုကြွေးနေမိသည်။ တကယ်တော့ ကမာက နှင်းမြို့တော်ကို အုပ်ချုပ်သည့် နယ်စား၏ သားအငယ်ဆုံးဖြစ်သည်။ တာတာများ မိမိတို့မြို့ကိုဝင်တိုက်ပြီး မိမိမိဘများ၊ ဆွေမျိုးများ၊ ညီအစ်ကိုများကို သတ်ဖြတ်သည်ကို မျက်ဝါးထင်ထင် မြင်ခဲ့ရသည်။ တာတာလူရိုင်းများက မိမိအပါအဝင် လူငယ်များစွာကို ဖမ်းဆီးကာ ရောင်းစားရန် ခေါ်ဆောင်လာခဲ့ကြသည်။ သို့သော် မိမိ၏ လှပသော ရုပ်ရည်ကြောင့် တာတာတပ်မှူးကြီး၏ သိမ်းပိုက်ခြင်းကို ခံခဲ့ရသည်။ မွန်ဂိုတပ်များ ဝင်တိုက်ချိန်တွင် တာတာ စစ်သူကြီးလက်ချက်ဖြင့် မိမိ မေ့မြောကာ ရထားလုံးထဲ ရတနာများနှင့်အတူ ကြိုးတုပ်ခံထားရသဖြင့် ပြန်လွတ်သည့်အဖွဲ့နှင့် မပါသွားခဲ့ပေ။ မွန်ဂိုစစ်သူကြီးက ပြန်လွှတ်မည်ဆိုသဖြင့် ဝမ်းသာမည်မှ မကြံသေး ရမ္မက်ဘီလူး စီးနေသည့် ရဲမက် ၂ ဦးကြောင့် ကမာ ကြောက်လန့်တကြား ရုန်းကန်အော်ဟစ်ကာ နောက်ဆုံး မွန်ဂိုတပ်၏ စစ်သူကြီး၏ တဲသို့ ရောက်ခဲ့ရသည်။ မိမိကိုအနိုင်ကျင့်သည့် တာတာလူရိုင်းကြီးလို မိမိအသွေးအသားကို ယူဦးမည်လားဟု ကြောက်လန့် နေသော်လည်း စစ်သူကြီးက အပြတ်ပြောကာ အပြင်သို့ ထွက်သွားခဲ့သည်။ ထိုည ကမာ တထိတ်ထိတ်နှင့် အိပ်ပျော်သွားရသည်။

တင်တက်ရင်သည် နှင်းမြို့တော်သားလေးနှင့် နေ့လည်စာအတူစားရန် တဲထဲဝင်လာခဲ့သည်။ ထိုစဉ် ကင်းထောက် မွန်ဂိုတပ်သားတစ်ဦး ရောက်လာပြီး သတင်းဆိုးတစ်ခု လာပို့သည်။ တင်တက်ရင် ထိုသတင်းကို ကြားသော် ဒေါသတကြီးဖြင့် အပြင်သို့ ထွက်သွားပြီး စစ်တပ်ကို အသင့်ပြင်စေသည်။

"ဘာဖြစ်လို့လဲဟင်... စစ်သူကြီး ဘာလို့ထွက်သွားတာလဲ"

"တာတာစစ်တပ်က စစ်သူကြီးလွှတ်ပေးလိုက်တဲ့ သခင်လေးတို့မြို့သား တွေကို အားလုံး ဖမ်းသတ်လိုက်တယ်လို့ ကြားလို့ပါ။ အခု အဲ့ဒီ အရိုင်း ကောင်တွေကို လိုက်သတ်ဖို့ ထွက်သွားပါပြီ"

သမားတော်က မျက်နှာပျက်သွားပြီး ကမာ့ကို နှစ်သိမ့်လိုက်သည်။ ကမာ သည် အံကြိတ်ကာ ဆုံးဖြတ်ချက်ချလိုက်သည်။ တိုင်းပြည်လည်းပျက်ပြီ။ မိဘဆွေမျိုးအားလုံး အသတ်ခံရပြီ။ မိမိလည်း ဘဝပျက်ပြီးပြီ။ ယခု မိမိ ပြည်သူများလည်း အသတ်ခံရပြန်ပြီ။ ကမာ့ဘဝတွင် တာတာများကို မုန်းသည်ကလွဲရင် ဘာမှမရှိတော့ပေ။ တာတာများကို သတ်ချင်သည်။ ကလဲ့စားချေချင်သည်။ ထိုသို့ ကလဲ့စားချေရန် မွန်ဂိုစစ်သူကြီးနောက်ကို လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ ကမာသည် လက်ထောက် သမားတော် လေးထံမှ မွန်ဂိုစကားကို သင်သည်။ တစ်ပတ်ကြာမှ စစ်သူကြီးအဖွဲ့ ပြန် ရောက်လာခဲ့သည်။

ကမာက စစ်သူကြီး တင်တက်ရင်ထံတွင် အခစားဝင်ကာ မွန်ဂိုစကားဖြင့် မိမိကို ရဲမက်အဖြစ် လက်ခံရန် တောင်းပန်သည်။ တင်တက်ရင်သည် တစ် ပတ်အတွင်း မွန်ဂိုစကား ရည်ရည်မွန်မွန် ပြောတတ်သော နှင်းမြို့တော်က မင်းသားလေးကို ဒီလောက် ဉာဏ်ရည်ထက်မည်ဟု လုံးဝ ထင်မထားပေ။

"ကျွန်တော့်မှာ တိုင်းပြည်လည်းမရှိတော့ဘူး။ လူမျိုးလည်း မရှိတော့ဘူး။ သခင်ကြီး ကယ်ထားတဲ့ အသက်ပဲရှိပါတော့တယ်။ သခင်ကြီးရဲ့ အစေခံ အဖြစ်နဲ့ လိုက်ခဲ့ပါရစေ။ ကျွန်တော့်ကို စစ်ပညာသင်ပေးပါ။ တာတာတွေ ကို သတ်နိုင်တဲ့ သူရဲကောင်း တစ်ယောက်ဖြစ်အောင် သင်ယူပါရစေ"

တင်တက်ရင်သည် နှင်းမြို့တော်သားလေး၏ စိတ်ဓါတ်ကို ကြိုက်သဖြင့် လက်ခံလိုက်သည်။

"ကောင်းပြီ။ မင်း အခုကစပြီး ကျုပ်ရဲ့ လက်စွဲတော် တပည့်ဖြစ်သွားပြီ။

ကျုပ်ရဲ့ဝေယျာဝစ္စတွေ လုပ်ပေးရမယ်။ အားလုံး မလစ်ဟင်းစေနဲ့"

ကမာသည် မွန်ဂိုစစ်သူကြီး တင်တက်ရင်၏ အစေခံဘဝတွင် ကြိုးစားသည်။ ပျော့နွဲ့သော ကမာ့ကို တင်တက်ရင်က မညှာမတာ ခိုင်းသည်။ မြင်းစီးကျင့်စေသည်။ စစချင်းတွင် ကမာမှာ ဖျားသွားသည်အထိ ပင်ပန်းသည်။ သို့သော် ကမာက အင်မတန်ကို ဇွဲကောင်းသည်။ တစ်လကြာသော် မွန်ဂိုစကားလည်း ကျွမ်းကျင်စွာ ပြောနိုင်လာသည်။ မြင်းလည်း ကောင်းကောင်း စီးလာနိုင်ပြီ။ ယောကျ်ားလေးလို ဝတ်ထားသည့်တိုင် ရုပ်ချောလွန်းသည့် ကမာ့ကို စစ်တပ်ထဲမှ စစ်သည်တော်များ စိတ်ဝင်စားသည့်တိုင် မည်သူမှ မစရဲကြပေ။ စစ်သူကြီး၏ဓါးက ခေါင်းမရွေးပေ။ တာတာများကို ထိုဒေသတွင် အမြစ်ဖြုတ်ပြီး အစောင့်တပ်ထားကာ တင်တက်ရင်တို့တပ် ပြည်တော် ပြန်ခဲ့ကြသည်။

တင်တက်ရင် မသိသည့်အချက်က တာတာများက အခဲမကြေဘဲ နောက်မှ တိတ်တဆိတ်လိုက်လာပြီး တင်တက်ရင်ကို အဆိပ်မြားဖြင့် လုပ်ကြံရန် ကြိုးစားခြင်း ဖြစ်သည်။ ကမာသည် လမ်းတွင် စခန်းချနားစဉ် သခင်ကြီးအတွက် စားစရာပြင်ဆင်ပြီး စားပွဲတွင် တည်ခင်းပေးနေသည်။ တင်တက်ရင် စားနေစဉ် အနောက်မှ လေတိုးသဖြင့် လှည့်ကြည့်လိုက်မိစဉ် ရွက်ဖျင်တဲကို ဓါးနှင့်ထိုးခွဲပြီး မွန်ဂိုဝတ်စုံဝတ်ထားသည့် တာတာ တစ်ဦး ဝင်လာပြီး မြားဖြင့် ချိန်ထားသည်ကို တွေ့သော် ကမာ ဘာမှ မစဉ်းစားနိုင်တော့ဘဲ သခင်ကြီးကို ကိုယ်ဖြင့်ကာလိုက်စဉ် မိမိလက်ပြင်တွင် စူးဝင်သွားသည့် ခံစားချက်နှင့် အတူ နာကျင်သည့် ဝေဒနာက ကပ်ပါလာခဲ့သည်။

"သခင်ကြီး… ရန်သူ…."

"သေစမ်း ခွေးကောင်…"

တင်တက်ရင်က ကမာ့ကို ထိန်းပွေ့ကာ နံဘေးမှဓါးဖြင့် လှမ်းပေါက်လိုက်

သည်။ တာတာလည်း ခါးထုတ်ချင်းပေါက်ကာ အသက်ထွက်သွားသည်။ တင်တက်ရင်သည် ကမာ့ဒဏ်ရာမှ သွေးမည်းများ စီးကျလာသည်ကို တွေ့သော် သမားတော်အဖွဲ့ကို ချက်ချင်းခေါ်ကာ ဆေးကုစေသည်။ ထို အဖြစ်အပျက်များကို ကမာ လုံးဝ မသိတော့ပါ။ ကမာ သတိရလာတော့ အရင်ဆုံး သတိထားမိသည်က အရမ်းကိုအားနည်းကာ ဗိုက်ဆာနေခြင်း ဖြစ်သည်။ ထို့ကြောင့် အားတင်းကာ ထလိုက်စဉ် လက်ပြင်မှ နာကျင်မှုကြောင့် ညည်းမိလိုက်သည်။

"မင်း ကျုပ်အသက်ကို ကယ်ခဲ့တယ် ကမာ။ ဒါကြောင့် အခုကစပြီး မင်းက ကျုပ်ရဲ့ ညီလေးပဲ။ ကျုပ်ကို အစ်ကိုကြီးလို့ ခေါ်ရမယ်။ ပြီးရင် ကျုပ်မှာ ညီတစ်ယောက် ရှိတယ်။ သူ့ကို အစ်ကိုလေးလို့ ခေါ်ရမယ်။ ဟုတ်ပြီလား ညီလေး ကမာ.."

တိုင်းပြည်ပျက်စီးပြီး မှီတွယ်ရာမရှိသည့် လူငယ်တစ်ယောက်အတွက် အင်အားကြီးသည့် မွန်ဂိုစစ်သူကြီးကိုယ်တိုင်က ညီအဖြစ် သတ်မှတ်သည့် စကားကိုကြားသော် ကမာ ငိုရှိုက်ရင်း မေးလိုက်သည်။

"ကျွန်တော် တစ်ကောင်ကြွက် မဟုတ်တော့ဘူးပေါ့နော်"

"မင်းက ကျုပ်ရဲ့ညီဖြစ်သွားပြီ ကမာ။ မင်းကို သေတဲ့အထိ ကျုပ်စောင့်ရှောက် သွားမယ်လို့ ကတိပေးတယ်။ မင်းဘဝ သာယာအေးချမ်းစေရမယ်။ မင်းကို ဘယ်သူမှ နှိပ်စက်လို့မရနိုင်အောင် ကာကွယ်ပေးသွားမယ်"

တင်တက်ရင်သည် နတ်သားလေးလို ချောမွေ့ကာ သစ္စာရှိလှသော ကလေးလေးကို ချစ်ခင်စွာ ပွေ့ဖက်ထားလိုက်မိသည်။

***